**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၅/၂၀၁၆)

| | |
|---|---|
| ဦးကျင်ဦး(ပိုင်ရှင်)<br>SOGO FITTING INDUSTRY<br>အမှတ်(၁၀၀)၊ ဦးညွှန့်လမ်း၊ စက်မှုဇုန်(၁)၊<br>ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ကြည်ကြည်အေး(နေ့စားဝန်ထမ်း)<br>စိန်ပန်းလမ်း၊ ၈၈ ရပ်ကွက်၊<br>ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ ဦးညွှန့်လမ်း၊ အမှတ်(၁၀၀)ရှိ SOGO FITTING INDUSTRY ပိုင်ရှင် ဦးကျင်ဦးနှင့် နေ့စားဝန်ထမ်း ဒေါ်ကြည်ကြည်အေးတို့အကြား ဖြစ်ပွားကြသော အငြင်းပွားမှုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ် (၂၉/၂၀၁၆) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အဆောင်နေခွင့်ပြုရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ပြုသင့်/ မသင့်နှင့် အဆောင်နေခွင့် ပြုသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမားဒေါ်ကြည်ကြည်အေးအား မူလတာဝန်၊ မူလလုပ်ခနှုန်းဖြင့်ဆုံးဖြတ်သည့်နေ့မှစ၍ (၇)ရက်အတွင်းအလုပ်ပြန်လည်ခန့်ထားရန်၊ ကြားကာလနစ်နာကြေးအား တစ်ရက်လျှင် ၂၇၀၀ိ/- နှုန်းဖြင့် အလုပ်မှရပ်စဲသည့် ၁၅-၂-၂၀၁၆ ရက်နေ့မှစ၍ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ပေးရန်နှင့် အလုပ်စတင်ခန့်ထားစဉ်က EC စာချုပ်ပါအတိုင်း အဆောင်နေခွင့် ဆက်လက်စီစဉ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၂၉/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် SOGO FITTING INDUSTRY ပိုင်ရှင် ဦးကျင်ဦးမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၂၅/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် ခုံအဖွဲ့ရှေ့မှောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့်တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ပြုသင့်/မသင့်နှင့် အဆောင်နေခွင့် ပြုသင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၁)။** ၇-၁၂-၂၀၁၅ မှ ၇-၃-၂၀၁၆ အထိ အစမ်းခန့်ကာလ ၃ လ ခန့်ထားခြင်းခံရသူအလုပ်သမားဒေါ်ကြည်ကြည်အေးအားခန့်ထားသည့်ကာလမကုန်ဆုံးမီ အလုပ်မှရပ်စဲသည်ကို အကြောင်းပြု၍ ဖြစ်ပွားသော အငြင်းပွားမှုဖြစ်ပါသည်။ အလုပ်သမား ဒေါ်ကြည်ကြည်အေးသည် အခြားအလုပ်သမားများက ၁၉-၁၂-၂၀၁၅၊ ၂၆-၁၂-၂၀၁၅ နှင့် ၂-၁-၂၀၁၆ ရက်နေ့များတွင် အခြားအလုပ်သမားများနှင့်မတူဘဲ အချိန်

ပိုလုပ်ကိုင်ရန် သဘောတူသူအဖြစ် လက်မှတ်ရေးထိုးခြင်းမပြုခဲ့ပါ။ အလုပ်ရုံအနေဖြင့် အချိန်ပိုလုပ်ကိုင်မှုကို ခွင့်ပြုချက်တောင်းခံပြီး လုပ်ကိုင်ကြောင်း ထွက်ဆိုထားပါသည်။ ဖော်ပြခဲ့သည့်ရက်များအတွက် တရားဝင်ခွင့်ပြုချက်ဖြင့် အချိန်ပိုလုပ်ကိုင်မှုကို ခွင့်ပြုချက်တောင်းခံပြီး လုပ်ကိုင်ကြောင်း ထွက်ဆိုထားပါသည်။ ဖော်ပြခဲ့သည့်ရက်များအတွက် တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သည့်သဘောဖြစ်ရာ အလုပ်သမားက ငြင်းဆိုခြင်းမှာမဖြစ်သင့်ပါ။ အစမ်းခန့်ကာလပြည့်သည့် အချိန်အထိ အလုပ်သမားအား ခန့်ထားမှုမပြုခြင်းမျိုးမဖြစ်သင့်ပါ။ အလုပ်သမားက လုပ်ငန်းခွင်ပျက်ယွင်းစေရန် အနှောင့်အယှက်ဖြစ်စေရန်များကို ဆောင်ရွက်ခြင်းမရှိခဲ့သဖြင့် အလုပ်သမားအား အစမ်းခန့်ထားသည့်ကာလ ပြည့်သည်အထိအလုပ်ရှင်မှ ခန့်ထားသင့်သည်ဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည် -

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်ကြည်ကြည်အေးအား အစမ်းခန့်ကာလပြည့်သည့်နေ့ရက်အထိအလုပ်တွင် ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲခံရသည့် ၁၆-၂-၂၀၁၆ ရက်နေ့မှ အစမ်းခန့်ကာလကုန်သည့် ၇-၃-၂၀၁၆ ရက်နေ့အထိအား ကြားကာလနစ်နာကြေးအဖြစ် ၂၁ ရက်အတွက် တစ်ရက်လျှင် ၂၇၀၀ိ/- ကျပ်နှုန်းဖြင့် ကျသင့်ငွေကျပ် ၅၆၇၀ဝိ/-(ကျပ်ငါးသောင်းခြောက်ထောင်ခုနစ်ရာတိတိ)ကို ခံစားခွင့်ပြုရန်ဆုံးဖြတ်သည်။ထို့ပြင် အစမ်းခန့် ကာလကုန်ဆုံးပြီးနောက်အလုပ်ရှင်ကအလုပ်ပြန်လည်ခန့်ထားလိုလျှင်ခန့်ထား နိုင်ကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအောင်သန်း | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |